လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့

Association of Human rights defenders & promoters

အမှတ်(၈၂)၊ ပထမထပ်၊ နတ်စင်လမ်း၊ မကျည်းတန်းမြောက်/အရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း : 0931704727,
E-m@il ; 2012hrdpnetworks@gmail.com

ရက်စွဲ - ၂၆.၁.၂၀၁၄

# လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့ (HRDP)
# ၏
# ထုတ်ပြန်ချက်

ဒီမိုကရေစီ ပညာရေးလှုပ်ရှားမှု ဦးဆောင်ကျောင်းသားများ၏ ချီတက်ဆန္ဒပြမှုကြီးသည် လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် လုံးဝ ကိုက်ညီမှု ရှိပေသည်။ လွတ်လပ်စွာ ပညာသင်ကြားခွင့်ကို တောင်းဆိုခြင်း၊ အချုပ်အခြာကင်းသည့် ပညာရေး လွတ်လပ်ခွင့်ကို တောင်းဆိုခြင်း တို့ကြောင့် ယနေ့ကျောင်းသားတို့ သပိတ်မှောက်တောင်းဆိုခြင်းသည် လူ့အခွင့်အရေးဆိုင်ရာ ခုခံကာကွယ်ခြင်းဖြစ်ပေသည်။ မြန်မာနိုင်ငံ ပညာရေး စနစ်ညံ့ဖျင်းမှုကြောင့် နှစ်ပေါင်းများစွာ လူညွန့်တုံးခဲ့ရသော လူ့အဖွဲ့အစည်းကိုသာလျှင် ပေါ်ထွန်းစေခဲ့သည်။ ယခုပညာရေး စနစ်ပြုပြင် ပြောင်းလဲရေးအတွက် အမျိုးသား ပညာရေးဥပဒေသည် ဆန့်ကျင်ရမည့် အနေအထားတွင် ရှိပေသည်။ တရားမျှတသော တောင်းဆိုမှုအတွက် ကျောင်းသားတို့၏ သပိတ်မှောက်ချီတက်ပွဲကြီးကို **လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများအဖွဲ့(HRDP)** က အကြွင်းမဲ့ ထောက်ခံလိုက်သည်။

**သပိတ်မှောက် ကျောင်းသားထု၏** အောက်ပါ တောင်းဆိုချက်များကို **အစိုးရက** လိုက်လျောဖြည့်ဆည်းပေးရန် တောင်းဆို လိုက်သည်။

**၁). အမျိုးသားပညာရေးကော်မရှင်ဖျက်သိမ်းရေး။**

**၂). ဒီမိုကရေစီပညာရေးအား ဥပဒေရေးဆွဲရန် ဆရာ/ဆရာများ၊ ကျောင်းသား/ကျောင်းသူများ ပါဝင်သော ဆွေးနွေးပွဲများပြုလုပ်ပေးရန်**

**၃). ကျောင်းသား သမဂ္ဂများနှင့် ဆရာသမဂ္ဂများ တရားဝင် ဖွဲ့စည်းခွင့်ပေးရန်**

***လွတ်လပ်စွာ ပညာသင်ကြားနိုင်ရေး အခြေခံ အချက်များ ဖော်ထုတ်၍ ပညာရေး စနစ်ပြုပြင်ပြောင်းလဲရေး တိုက်ပွဲအောင် ရမည်။***

***လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများအဖွဲ့(HRDP) သည် ကျောင်းသားထု တစ်ရပ်လုံးနှင့်အတူ ရပ်တည်မည်။***

**HRDP**